ကျွန်းကလေးကျေးရွာ

သထုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျွန်းကလေးကျေးရွာ၊ သထုံမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ မတ်လ

မာတိကာ

မာတိကာ

စကားချီး

ကျွန်းကလေးကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်

ကျွန်းကလေးကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်၊ သထုံမြို့နယ်

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

၁။ နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များဆိုင်ရာစီမံကိန်း

(ဂ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု-
လမ်းတံတား၊လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ် ကျသောချိတ်ဆက်မှုများ

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရွေးချယ်မှုများ

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ပန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁)စီမံကိန်းဇယားများ

(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ပင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၄ ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား ၅ ဥစ္စာဓနအင့် အခြေအနေ

ဇယား ၆ ကျေးရွာ၏ ဝန်းစာဖူလုံမှုအခြေအနေ

ဇယား ၇ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၁၀ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် ပြဿနာစိန်ခေါ်မှုများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၈ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့်အခက်အခဲများ

ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခက်အခဲများနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး အစီအမံများ

ဇယား ၂၇ မူလတန်း၊ အလယ်တန်း ၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား ၂၈ ကျောင်းအပ်နှုန်း

ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ

ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာ

ဇယား ၃၁ အဖြစ်များသော ရောဂါများ

ဇယား ၃၂ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေ ရရှိမှု

ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ

ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

ဇယား ၃၆ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည်စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံး သော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့်လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါ သည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင်

လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများအား စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည် ။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။အကောင်အထည်ဖော်မည့် ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

မတ်လ ၂၀၁၈ ခုနှစ်


ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကျွန်းကလေးကျေးရွာ၊သထုံမြို့နယ်

ကျွန်းကလေးကျေးရွာ သယ်ဇာတပြမြေပုံ၊ သထုံမြို့နယ်



ကျွန်းကလေးကျေးရွာ၏ ရာသီခွင်ပြပြကွဲဒိန်၊ သထုံမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထု ကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထား မိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေး အခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထား ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်

ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့် ၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့များအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက် နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်အတွင် ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်သည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် မွန်ပြည်နယ် သထုံခရိုင်၊ သထုံမြို့နယ်အတွင်း မြေပြန့်ဒေသတွင် တည်ရှိပါသည်။ အုပ်ချုပ်ရေးရုံးစိုက်ရာ သထုံမြို့နှင့် (၁၆)မိုင်ခန့်ကွာဝေးပြီး ရန်ကုန်-မော်လမြိုင် ကားလမ်းဘေးတွင်တည်ရှိသဖြင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် တပိုင်တနိုင်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ဒေသ၏ ပျမ်းမျှ မိုးရေချိန်လက်မမှာ ၈၀ မှ ၁၀၀ ဝန်းကျင်တွင် ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိသဖြင့် ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်ပြီး၊ စိုက်ပျိုးမြေအချို့သည် ဘီးလင်းမြစ်နဘေးတွင် တည်ရှိ သောကြောင့် ဆားငန်ရေဝင်ရောက်မှုရှိပါသည်။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် တောတောင် မြစ်ချောင်းများမရှိဘဲ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ပဲ စိုက်ပျိုး ထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေအား မိုးရေကိုသာ အဓိကအားထား၍ မိုးစပါးတစ်မျိုးသာ စိုက်ပျိုးပြီး ကျန်ရာသီများတွင် ပဲစိုက်ပျိုးခြင်းလုပ်ငန်းလုပ်ကိုင်ပါသည်။ မြေအောက်ရေ အသုံးပြုမှုအနည်းငယ်ရှိပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက (၃၇၃.၁)ဧကရှိပြီး စပါးနှင့်မတ်ပဲ အဓိကစိုက်ပျိုးကြသည်။

၃။ ကျေးရွာ၏ လူမှုဖွဲ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၈၄)စုနှင့် ကျား(၅၇၄)၊မ(၅၇၁)ဦးဖြင့် လူဦးရေပေါင်း(၁၁၄၅)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးရှိပြီး နိုင်ငံတော်၏ တစ်အိမ် ထောင်ပျမ်းမျှနှုန်း ၅ ဦးနှင့် ကွာခြားချက်မရှိပါ။ကျေးရွာတွင် မွန်၊ပအိုဝ်၊ကရင်၊ဗမာနှင့် မူစလင် ဟူ၍ လူမျိုး(၅)မျိုးနှင့် ဘာသာ (၂)မျိုးကိုးကွယ်ကြသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေ ပေါင်း၏ (၆၅.၅%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသားနှင့် အမျိုးသမီးဦးရေသည် ပျမ်းမျှညီမျှပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာသာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာ သတ်မှတ် မှုတွင်အိမ်ထောင်စု အားလုံး၏၆၉%သည်ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့် အဖြစ်ခံယူကြပြီး၆၉%သည် ချမ်းသာသည့်အဆင့်၊၆၉%သည် အလယ်အလတ် အဆင့် ရှိကြသည်ဟု သတ်မှတ်ကြပါသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှု နှင့် စိုက်ပျိုးရေးလုပ်ငန်းများအားအဆက်မပြတ် စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းတို့ကြောင့်ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟုပြောနိုင်သည်။ချမ်းသာသော လယ်သမား အိမ်ထောင်စုများ အပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း ပြည်ပသို့ အလုပ်လုပ်သူများ၊ အိမ်ဆိုင်ဖွင့်၍ စျေးရောင်းသူများနှင့် လယ်ယာလုပ်ငန်းတွင်ကျပန်းအလုပ်လုပ်ကိုင်ကြပါသည်။မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုအချို့လည်း ငွေရေးကြေးရေး အသင့်အတင့်အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊လက်လုပ်လက်စား၊ ပန်းရံနှင့် ကျပန်းလုပ်ငန်း လုပ်ကိုင်သူများ၊ ဆိုင်ကယ်ဘေးတွဲမောင်းသူများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် မြင့်မားပြီး (၆၉%)ထိရှိကာ ဆင်းရဲ၊အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားသောကြောင့် အလုပ်အကိုင် အခွင့်

အလမ်းနည်းပါးသဖြင့် ပြည်ပ နိုင်ငံများနှင့် အခြားဒေသများသို့ ကာလကြာမြင့်စွာ သွားရောက် လုပ်ကိုင်ကြသူများ များသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန် ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုတ်ကွေးရောဂါများသည် မိုးရာသီတွင် အနည်းငယ်ဖြစ်ပွားကြောင်းတွေ့ရှိရသည်။ ဆီးချို ရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပြီး သွေးတိုးရောဂါ ဖြစ်ပွားမှုမှာ အသက်(၄၀)နှင့်အထက် အမျိုးသား /အမျိုးသမီးတို့တွင် ဖြစ်ပွားများကြောင်းနှင့် ပျောက်ကင်းမှုနည်းပါးကြောင်း တွေ့ရှိရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင် များရှိကြသည်။ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်ကြပြီး ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးများကိုလည်း နှစ်စဉ် ကျေးရွာ အထိ လာရောက်ထိုးပေးကြောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနသည် ကျေးရွာ(၁/၅) မိုင်ခန့် ဝေးကွာပြီးသုံးဘီး၊ဆိုင်ကယ်ဘေးတွဲ၊ ထော်လာကျီတို့နှင့်ကားလမ်းဖြင့် အလွယ်တကူသွားလာ နိုင်သော တိုက်နယ်ဆေးရုံနှင့် မြို့နယ်ဆေးရုံတို့နှင့်လည်း လက်လှမ်းမီသည်။ကျေးရွာ၏ သောက် သုံးရေအတွက် လက်တူတွင်းများမှာ သန့်ရှင်း သောကြောင့်တိုက်ဖွိုက်နှင့် အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွားမှုများနည်းပါးကြောင်း တွေ့ရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အနည်း ငယ်သာရှိသည်။ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းမှ သင်ကြား နိုင်ပြီး အလယ်တန်းနှင့် အထက်တန်းတို့အား မိုးကောင်းကျေးရွာအုပ်စုအတွင်းရှိ ပတိန်ရိုးကျေးရွာနှင့် ကျိုက်ကော်သို့ ကားဖြင့်တက်ရသဖြင့် စီးပွားအဆင်မပြေသော အိမ်ထောင်စုများနှင့် သူတို့ကိုယ်တိုင် ပညာအားစိတ်ပါဝင်စားမှုနည်းပါးသဖြင့် အတန်းပညာအားဆုံးခန်းတိုင်အောင် ပြီးမြောက်သူအလွန် နည်းပါးသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာတက် မြောက်မှု နှင့်ကျွမ်းကျင်မှု အား နည်းသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်သည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေး အရေအတွက်ထက်သာနေခြင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်များတွင် မအရေအတွက်မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများထက် အမျိုးသမီးများထက် ပိုသာနေသည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အား စိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ နှင့် အဖွဲ့အစည်းများတွင် အမျိုးသားများနှင့် တန်းတူတက်ကြွစွာပါဝင်ဆောင်ရွက် လျှက်ရှိသည်။ကျား-မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် အဖွဲ့အစည်းအချို့ရှိပါသည်။ ၎င်းတို့မှာ ရပ်မိရပ်ဖအဖွဲ့အစည်း၊ ကျောင်းကော်မတီအဖွဲ့အစည်း၊ ကျေးရွာ၏ သာရေး/နာရေး/လူမှုဖွံ့ဖြိုးရေးတို့အတွက် လူပျို/အပျိုအဖွဲ့တို့ဖြစ်ကြပါသည်။ယင်းအဖွဲ့များအနက် မြို့နယ်မှဖွဲ့စည်းပေးသော မျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှာကျေးရွာသို့ ကျန်းမာရေးနှင့် ပတ်သတ်၍မြို့နယ်မှ ကာကွယ်ဆေးထိုးခြင်းနှင့်ဟောပြောပွဲများတွင် ပါဝင်လှုပ်ရှားဆောင်ရွက်သည်။ကျေးရွာတွင် စီးပွားရေး အခြေခံအသင်းအဖွဲ့များအဖြစ် Easyအသေးစားချေးငွေဝန်ဆောင်မှုနှင့် Vesion Fan မြန်မာပုဂ္ဂလိကအသေးစားငွေချေးအဖွဲ့စသော အဖွဲ့များနှင့် အသင်းအဖွဲ့များတွင် ကျေးရွာသူ/သားများ ပါဝင်ဆောင်ရွက်လျှက်ရှိကြသည်။ ကျေးရွာရှိမီးသုံးစွဲမှုအနေဖြင့် မဟာဓါတ်အားလိုင်းအား လွန်ခဲ့သော (၆)နှစ်(၇)နှစ်ခန့်မှ စ၍ရရှိသော်လည်း ယနေ့အချိန်အထိ ကျေးရွာလုံးကျွတ် လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းမရှိ၊ ယင်းသို့ ကျေးရွာတွင် လျှပ်စစ်မီးရရှိအောင် ဦးဆောင်၍ ဆောင်ရွက်ပေးခဲ့သော မီးလင်းရေး ကော်မတီ၏ လှုပ်ရှားဆောင်ရွက်မှုမှာအားနည်းသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာတစ်ဖွဲ့ နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်

ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေး ဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့် ပဲတို့ကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါး၈က(၃၇၁) ကျော်ခန့် ရှိပါသည်။မိုးစပါးပျမ်းမျှအထွက်မှာ (၄၀)တင်းမှာ (၇၀)တင်းထိ ထွက်ရှိပါသည်။ ပဲ စိုက်ခင်း၏ ပျမ်းမျှအထွက်မှာ (၈)တင်းမှ (၁၅)တင်းထိ ထွက်ရှိပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။တချို့တောင်သူများမှ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တတ်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင်ကြဲပတ်စနစ်ကို သုံးကြသည်။

ကျေးရွာတွင် တစ်ပိုင်တစ်နိုင်ဂက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ ၁၀.၁၆% ဂန်းကျင်သာရှိပြီး ဒေသမှ ဂက်မျိုးများကိုမွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏ ၃၂.၀၈ % ခန့်ရှိပြီး ဈေးကွက်တွင် ဂယ်လိုအား ရှိသည်။ စီးပွားဖြစ်မွေးမြူသူ(၄)ဦးသာရှိပြီး CP အသားတိုးကြက်များကို ကုမ္ပဏီ၏ ဒိုင်များမှ တိုက်ရိုက် ဂယ်ယူပြီး မွေးမြူမှုနည်းစနစ်အား မွေးမြူရေးဆရာဂန်၏ လမ်းညွှန်မှုဖြင့် မွေးမြူကြသဖြင့် ရောဂါကျရောက်မှုအနည်းငယ်သာ ဖြစ်သည်။ဈေးကွက်မှာလည်းဂယ်ယူသည့် အချိန်တွင် ဒိုင်များမှ ကုမ္ပဏီဈေးဖြင့် ဂယ်ယူရပြီး ပြန်လည်ရောင်းချချိန်တွင် ခြံအထိ လာရောက်ဂယ်ယူကြပြီး သယ်ယူပို့ဆောင်ခ အနေဖြင့် ကုမ္ပဏီဈေးထက် (၂)ကျပ်လျှော့၍ ပြန်လည် ရောင်းချရခြင်းဖြစ်သည်။ စတင်မွေးမြူသည့် ရက်မှစ၍ (၁၆)ပတ်ပြည့်လျှင် ရောင်းရမည် အရွယ်ရောက်နေပြီး တခါတရံ ဂယ်ယူမည့် ပုဂ္ဂိုလ်များ မလာပါက ဥစဉ်တင်သည့် ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ရောင်းရခြင်း၊တခါတရံ ခြံတွင် ဥစဉ်တင်ရခြင်း စသောအခက်အခဲများလည်းရှိပါသည်။ ဘဲမွေးသူ(၄)ဦးရှိပြီး တပိုင်တနိုင်မွေးသူ(၁)ဦးရှိပါသည်။ နွားမွေးသူများသည့် လုပ်ငန်းခွင်တွင် ခိုင်းရန်အတွက်သာ မွေးမြူသည်။ တချို့သည် နွားစားနွားမများသာမွေးကြသည်။ ငါးမွေးမြူရေးလုပ်ငန်းအား ကိုယ်ပိုင်ငါးကန်များတူးဖော်၍ မွေးမြူသည့် ပုဂ္ဂိုလ်မရှိ၊ ကျေးရွာသည် (၁/၅)မိုင်ခန့် ကွာဝေးသောဘီးလင်းမြစ်သို့ လိုင်စင်ဖြင့် ဖမ်းယူလုပ်ကိုင်သည့် ပုဂ္ဂိုလ်များသာရှိကြသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် အရင်းအနှီးမရှိခြင်း၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမြင့်မားတတ်သည်။ ငါးလုပ်ငန်းလုပ်ကိုင်သူများ အတွက် ကျေးရွာတွင် မွေးမြူရန်ရေမြေနေရာအလုံအလောက်မရှိသောကြောင့်ကိုယ်ပိုင်ကန်ဖြင့်ငါးမွေးမြူရေးလုပ်ငန်းအား ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ခြင်းမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအဖြစ် တောင်းယက်ခြင်းလုပ်ကိုင်သူ (၂)ဦး ရှိပါသည်။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ထန်းတက်လုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ ပန်းရံလက်သမား၊ အစိုးရဝန်ထမ်းလုပ်ငန်းနှင့် ပြည်ပတွင် စက်ရုံအလုပ်ရုံလုပ်ငန်း၊ဖပ်လျော့၊အိမ်အကူတို့ဖြစ်ကြသည်။အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက်တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင် ရှိသည်။လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင် အလုပ်အကိုင်များပြီး ကျန်အချိန် များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်း အချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိကြသည်။ရွာသားအများစုသည် သင်တန်းများနှင့် အထိအတွေ့ နည်းပါး ကြသည်။လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင်ရရှိမှု အခွင့်အရေးနည်းပါးသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် လယ်ယာမြေများအား စပါးစိုက်ပျိုးချိန်တွင် မြေဩဇာသုံးစွဲမှုအနည်းငယ်သာ သုံးစွဲရပြီး ပဲစိုက်ချိန်တွင် ဖျတ်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဘက်စုံပိုးမွှား နှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ ဓါတုဆေးများသုံးစွဲမှုများသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။တောင်သူများအနေဖြင့် အသုံးပြုမှုများပြားသည်။ စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာသည် ကုန်းမြေမြင့်ပိုင်းတွင်တည်ရှိ၍ မိုးတွင်းကာလတွင် ကျေးရွာအအတွင်း ရေကြီးရေလွှမ်းမှုမှ ကင်းလွတ်သော်လည်း ဘီးလင်းမြစ်နှင့်နီးသော စိုက်ပျိုးလယ်မြေများတွင် ဆား ငန်ရေများဝင်ရောက်မှုများရှိသဖြင့် မြေဆီလွှာများပျက်စီးပြီး ၎င်းစိုက်ပျိုးမြေများသည် ၃-၄ နှစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လို့မရပါ။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေး အန္တရာယ်တို့နည်းပါးသည်။အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တခါတရံကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာကျရောက်တတ်သော မိုးခေါင်းခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့်ရှိနေဆဲ ဖြစ်သည်။

(ဇ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်နှစ်အတိုးနှုန်း ၅ကျပ်တိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ကျေးရွာတွင် တစ်ချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်နှစ်အတိုးနှုန်း ၁၀% မှ၁၅%ဖြင့်လည်းကောင်း၊ မိတ်ဆွေမိသားစုဝင်များထံမှ တစ်နှစ်အတိုးနှုန်း ၅%ခန့်ဖြင့်လည်းကောင်း ချေးယူနိုင်ကြသေးသည်။ကျေးရွာတွင် Easy micro finance / Vesion Fund စသော ပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့များ ရှိကြသည်။ပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့များ တွင် ချေးငွေကို (၁၂)လအထိချေးယူနိုင်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေပြန်လည်ပေးရေးဆိုင်ရာ စည်းကမ်းပိုင်းတွင် တင်းကျပ်ထားသည်။ အတိုးနှုန်းမှာ နှစ်ကျပ်ခွဲဖြစ်ပြီး အတိုးအားလစဉ် ပေးဆပ်ရပြီး အရင်းငွေအား (၁)လ (၁)ကြိမ် အရစ်ကျပေးချေးရသည်။ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်းမရှိသေးပါ။

ကျေးရွာသားအများစုသည် ချေးငွေကိုအကြောင်းအရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက်ချေးယူကြပြီးကျေးရွာတွင်ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင်း အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ခဲ့ချက်အရ ပါဝင်သော ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည်အကြွေးယူထားကြပြီးအကြွေးငွေ ၃၀၀၀၀၀ကျပ်မှ ၅၀၀၀၀၀ အထိ ချေးယူထားကြောင်း တွေ့ရှိရပါသည်။ ထိုအိမ်ထောင်စုများ၏ ၅% သည် အကြွေးငွေ နှစ်သိန်းအောက်ချေးယူထားပြီး ၉၅%သည် နှစ်သိန်းအထက်ချေးယူထားကြောင်း

တွေ့ရှိခဲ့ပါသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်းသန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းတစ်ခုသာ ရှိပြီးကျောင်းဝန်းဧရိယာမှာ(၀.၇၁)ဧက ကျယ်ဝန်းပြီး စာသင်ကျောင်းဆောင်မှာ ၁၂၀ပေ၊ ၃၀ပေ၊ ၁၂ပေ အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အုတ်အခင်းကျောင်းဆောင်ဖြစ်ပြီး L ပုံစံရှိပါသည်။ယခုလက်ရှိတွင် ကျောင်းသားဦးရေ နှင့် စာသင်ဆောင်မလောက်သဖြင့် ကျောင်းဆောင်အသစ်၆၀ပေ၊ ၃၀ပေ၊ ၁၂ပေ ဆောက်လုပ်လျှက်ရှိသည်။အလယ်တန်းနှင့် အထက်တန်းအား ကျေးရွာနှင့် (၁/၅)မိုင်ခန့်ကွာဝေးသော မိုးကောင်းကျေးရွာအုပ်စုအတွင်းရှိ ပတိန်ရိုးကျေးရွာ သွားရောက်၍ တတ်ကြသည်။ ရွာသား အားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ၁၀%မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြသည်။မူလတန်းအောင် ရာခိုင်နှုန်းလည်း မြင့်မားသည်။ ကျေးရွာတွင်အလယ်တန်းနှင့် အထက်တန်းကျောင်း မရှိခြင်း၊ပညာရေးနှင့်ပတ်သတ်၍ အသိပညာဗဟုသုတမရှိခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အိမ်ထောင်စုအများစု သည်စီးပွားရေးအဆင်မပြေခြင်း စသည်တို့ကြောင့် ကျေးရွာတွင် ယခင်က မူလတန်းကျောင်းပြီး ကျောင်းထွက်နှုန်းများ များပြားလျှက်ရှိပြီး

ယခုနောက်ပိုင်းတွင် ကျေးရွာတွင် အလယ်တန်းနှင့် အထက်တန်းကျောင်းများမရှိသောလည်း အသိပညာဗဟုသုတများ သိမြင်လာမှုကြောင့်မူလတန်းအောင်ပြီး အလယ်တန်းနှင့် အထက်တန်းများသို့ ဆက်လက်တက်ရောက်နိုင်မှုများရှိလာပါသည်။ မူလတန်းကျောင်းထွက်နှုန်းမှာ အလွန်ဆင်းရဲမိသားစုများတွင် အများဆုံးရှိနေကြောင်းတွေ့ရှိရပါသည်။ကျောင်းတွင် ပရိဘောဂ တို့သည် လုံလောက်မှု မရှိပါ။ မူလတန်းပြ အစိုးရခန့် ဆရာ/ဆရာမ (၅)ဦးနှင့် ကျေးရွာမှ လုပ်အားပေး ဆရာ (၁)ဦး၊ဆရာမ (၂)ဦး စုစုပေါင်း(၈)ဦးတို့ရှိကြသည်။ကျောင်းတွင် တပည့်ဆရာအချိုးသည် ၁:၂၉ အချိုးဖြစ်သဖြင့် ကျောင်းဆရာ/မ အင်အားလုံလောက်မှုရှိသည်။လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် သောက်သုံးရေအတွက် လက်တူးတွင်းများသည် တစ်အိမ် တစ်တွင်းနီးပါး ရှိကြသည်။ကျေးရွာတွင် အိမ်ထောင်စုအများစု၏ အိမ်သာများကို ယင်လုံအိမ်သာဖြင့် သုံးစွဲကြပြီး ယနေ့အချိန်ထိ တွင်းရှိအိမ်သာနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများသည် စုပေါင်းအိမ်သာနှင့် တချို့အိမ်ထောင်စုများတွင် အိမ်သာမရှိ ကြောင်းတွေ့ရှိပါသည်။တစ်ရွာလုံးနီးပါး ယင်လုံ အိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ တိုက်ယင်လုံအိမ်သာအား စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

(ဇ) အခြေခံ အဆောက်အဦ- လမ်းတံတား၊ လျှပ်စစ်စွမ်းအား ၊သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းမှာ ရွာအဝင်မှ ရွာလယ်ဘုန်းကြီးကျောင်းအထိလမ်းမှာ ကွန်ကရစ်လမ်းဖြစ်ပြီး ကျန်ရှိနေသော ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်သည် ထော်လာဂျီများကို အသုံးပြုမောင်းနှင်းကြသည်။ဂင်းကွန်ကရစ်လမ်းမှာ ရွာဦးဘုန်းကြီးမှ မတည်၍ ခင်းထားသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် ကား(၁)စီး၊ထော်လာဂျီ (၇)စီး၊ သုံးဘီးဆိုင်ကယ်(၉)စီး၊ မော်တော်ဆိုင်ကယ်(၅၇)စီးနှင့် စက်ဘီး(၁၅၂)စီး၊နွားလှည်း(၄)စီးတို့ကို အသုံးပြုလျက်ရှိပြီး စက်လှေအား ငါးဖမ်းလုပ်ငန်းတွင်အသုံးပြုခြင်းဖြစ်သည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၁-၂၀၁၂ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ ၃၆.၃၆% ခန့်သာ ရယူသုံးစွဲနိုင်ပြီး ၄၀.၁၁% ခန့်သည် ဆိုလာမီးစနစ်ကိုသာ အသုံးပြုနေကြသည်။ ကျန်အိမ်ထောင်စုများသည် ဆိုလာမီးအိမ်၊ ဓါတ်ခဲမီးအိမ်နှင့် ဖယောင်းတိုင်များကိုသာ အသုံးပြုနေကြသည်။ကျေးရွာတွင် မိုဘိုင်ဖုန်း ဆက်သွယ်ရေးကိုစျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။ကျေးရွာ၏ အနောက်ဘက်နှင့်အရှေ့ဘက်တို့တွင် Ooreedoနှင့် MPTတာဝတိုင် များရှိသဖြင့် တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာအတော်အသင့် ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက် သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက် သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲ ထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ရာဇဝတ်မှု ဖြစ်ပွား ခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ တစ်ရွာလုံး ချိတ်ဆက်သုံးစွဲနိုင်ရန် ကျေးရွာမီးလင်းရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများသို့ တင်ပြ၍ နိုင်ငံတော်မှ ထောက်ပံ့မှုများ ရရှိနိုင်ရေးဆောင်ရွက်ခြင်းဖြင့် တစ်ရွာလုံးလျှပ်စစ်မီးသုံးစွဲနိုင်သဖြင့် ထင်းသက်သာပြီး အချိန်ကုန် သက်သာခြင်း၊ပညာရေးဘက်မှ ကျောင်းသား/သူများအတွက် စာလေ့လာရာတွင် အထောက်အပံ့ ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားပြီး ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ကျေးရွာတွင် လူဦးရေအားလုံး၏ (၆၅.၅%)မှာ အလုပ်လုပ်နိုင်သော အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများအား လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန် စေပါသည်။ ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ရွာသူ/ သားများအနေဖြင့် သာမန်နေမကောင်းဖြစ်ပါက မိုးကောင်းကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဆေးခန်းတွင်ကုသပြီး စိုးရိမ်ရသောဆေးဝါးကုသဖို့လိုအပ်မှုအတွက် ကျိုက်ကော်တိုက်နယ်ဆေးရုံ

နှင့် သထုံမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီးဆေးကုသမှုခံယူနိုင်ကြသည်။ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင်လည်း ဆေးဆိုင်မရှိခြင်း ကျေးလက်ကျန်းမာရေးဆေးခန်းမရှိသဖြင့် ကလေးမီးဖွားရာတွင် အခက်အခဲရှိသဖြင့် ကျန်းမာရေးဦးစီးဌာနမှ ကျေးလက်ကျန်းမာရေးဆေးပေးခန်းဆောင်ရွက်ပေးသင့်ပါသည်။ကျေးရွာတွင် စာသင်ကျောင်းနှင့် ပုံပိုးပစ္စည်များမှာလက်ရှိပညာရေးအနေအထားအတွက် ကောင်းသော အဆင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့်ကောင်းမွန်သည်။တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူ ပို့ဆောင်ပေးနိုင်သည်။မိုးရွာသွန်းမှုမှာ စပါးနှင့်ဆောင်းသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ကျေးရွာသည် ရန်ကုန်၊ ပဲခူး၊ မော်လမြိုင်နှင့် သထုံမြို့များသို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။ ကုန်သယ်ဒိုင်များမှလည်း စိုက်ကွင်းထိအရောက် ဝယ်ယူသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းပြီး အထူးသဖြင့် ကြက်၊ ဝက်၊ နွားတို့အား တိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။သို့သော် မွေး/ကုသရေးဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန်လိုအပ်သည်။ ငါးမွေးမြူရေးလုပ်ငန်းအား ကိုယ်ပိုင်ငါးကန်များဖြင့် မွေးမြူရန်အခွင့်အလမ်းရှိသည်။ သို့သော် ငါးလုပ်ငန်းဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန်လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင် လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။လယ်ယာမြေများကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေသည်။

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာမှုအတွက် စိုက်ပျိုးရေအား မိုးရေကိုသာအဓိကအားထား၍ မိုးစပါးနှင့် ပဲစိုက်ပျိုးရေးတို့အား စိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင် ဆည်ရေ၊ ရေသွယ်မြောင်းတို့ဖြင့် တိုးချဲ့ဆောက်လုပ်ပြီး နွေစပါးနှင့် အခြားသီးနှံများစိုက်ပျိုးနိုင်မည့်

စိုက်ဧကတိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။ထို့အပြင် ပိုးသတ်ဆေးအချို့ကိုခံနိုင်သော ဖျက်ပိုးများလည်း ပဲစိုက်ခင်းများတွင် ကျရောက်တတ်သည်။မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှု ၊ ဖျက်ပိုးနှိမ်နှင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင် အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်းအတိုးနှုန်း မှာ မြင့်မားပါသည်။ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှ စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန်စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲ ကြုံတွေ့ရတတ်သည်။ကျေးရွာတွင် ပုဂ္ဂလိက အသေးစားချေးငွေကုမ္ပဏီများမှ ကျေးရွာသို့လာ၍ ဆောင်ရွက်ပေးမှုများရှိသော်လည်း ပိုင်ဆိုင်မှုရှိသော အိမ်ထောင်စုများသာ ထုတ်ချေးပေးသဖြင့် ပိုင်ဆိုင်မှုမရှိသောအိမ်ထောင်စုများမှာ ထုတ်ချေးခွင့်မရှိသဖြင့် အခက်အခဲ ကြုံတွေ့ရပါသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန် ရရှိရေးအတွက် အခက်အခဲများရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်း

ကျွန်ုပ်တို့ကျေးရွာတွင် လူထုကိုယ်တိုင်လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှု နှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၃) ကျွန်ုပ်တို့ ရွာလူထုသည် သက်မွေးဝမ်းကျောင်း နှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှ တဆင့်ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအတိုင်းအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားမည်-

(၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်း နှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေ ရရှိနိုင်ရာ အခြားနေရာများ နှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါက စိုက် ပျိုးရေး ၊ မွေးမြူရေးလုပ်ငန်းများ အတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး ၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက် ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထား သူများကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက် စေမည်။

(၂) ကျွန်ုပ်တို့သည် အပ်ချုပ် ၊ ဆံပင်ညှပ်၊ စက်ပြင် ၊မော်တော်ဆိုင်ကယ်ပြင်နှင့်မိုဘိုင်းဖုန်း ပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းများကို တက် ရောက်နိုင်ရန် စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်း ကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင် တိုးချဲ့နိုင်ရန် အရင်း အနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

(၃) ကျေးရွာတွင် စာသင်ကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြှင့်လာရေးအတွက်ဆောင်ရွက်မည်။ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး မူလွန်ကျောင်းအဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရန် နှင့် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မခန့်ထားရရှိနိုင်ရေးတို့အတွက်ဆောင်ရွက်သွားမည်။

(၄) ကျေးရွာတွင် ကျေးရွာလမ်း နှင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက်ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်းတိုးတက်အောင် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေအပြု လုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန်တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးစီမံကိန်းများ ကိစ္စရပ်များ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့် မှကူညီ ဖြေရှင်းပေးရမည် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပံ့မှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ် ပမာဏပါဝင်သည့်နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးကဏ္ဍမှ ဝင်ငွေပိုမို ရရှိလာနိုင်ရေး

ကျေးရွာတွင် မိုးစပါးနှင့်ပဲတို့ကို အဓိကထားစိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည်ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှု

များကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးနှင့်ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာ အသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နှင်းရေး နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးဦးရွက် ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲ ချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်း များအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ကျေးရွာတွင် သမဝါယမ အသင်းဖွဲ့စည်းထားခြင်းမရှိသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူရွာသားများ အတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့် အလမ်းရှိပါသည်။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်း အချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြား နေသော လုပ်ငန်းများ(ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်တော် တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့် မတွေ့ရသေးပါ။နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာတစ် နှစ်ပတ်လုံးဝန်ဆောင်မှု ရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင် ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး ၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက် ရန် အတွက်လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

၈။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနည်းလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည်

ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာစီမံချက်လာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ်၊ ဦးစားပေးတန်းစီးခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြ သော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည်ပြင်းထန်သော သဘာဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတခြင်း (Functional classification)-ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်။
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ					
	၁။ကျေးရွာကုန်ထုတ်တံတားတည်ဆောက်ခြင်း	၉၀	၁	ကျွန်းကလေး-ဒဂ်ီးဆိပ်ကုန်ထုတ်တံတားအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီးဆောင်ရွက်သွားမည်။	ကျေးလက်ဦးစီး
ကျေးရွာအဆောက်အအုံ					
	၂။ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း	၇၆	၂	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့သည် ကျေးလက်ဆေးပေးခန်းဆောက်လုပ်နိုင်ရန် ရန်ပုံငွေနှင့် နည်းပညာအထောက်အပံ့ရရှိနိုင်ရန် ကျန်းမာရေးဦးစီးဌာနနှင့်အခြားဖွံ့ဖြိုးရေးအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မည်။	-

၂၈

ကျေးရွာအဆောက်အအုံ			
၃။ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၇၁	၃	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ကျေးရွာအုပ်ချုပ်ရေး မှူးတို့သည် ကျေးရွာတွင်းလမ်းမြေသားလမ်းအား နိုင်ရန် ရန်ပုံငွေနှင့် နည်းပညာအထောက်အပံ့ရရှိ နိုင်ရန် သက်ဆိုင်ရာဌာနများအားတင်ပြ တောင်းခံ၍ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်မည်။	-
ပညာရေး			
